မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _ Volume 8 /Issue 10/ October / 2015*

မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော်
Burmese Christian Fellowship (B.C.F)
၏

## ‘ဗိမာန်တော် နှင့် နေရာသစ်’

**ရပ်နီးရပ်ဝေးဓမ္မမိတ်ဆွေအပေါင်းတို့...**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၄ရက်၊ တနင်္ဂနွေနေ့ မှစတင်၍မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော် (B.C.F) **‘ဗိမာန်တော် နှင့် နေရာသစ်’** တည်ရှိရာသို့ အရောက်ကြွလှမ်းလာ၍၊ အတူတကွ ချီးမွမ်း ဝတ်ပြု ကိုးကွယ်ရန် အထူးဖိတ်ကြားပါသည်။ B.C.F မှလှိုက်လှဲစွာကြိုဆိုပါ၏။

Special Occasion … The Very First Service
Date … October 4, 2015 at 2:00 PM
Worship Place …1337 Farmstead Ave. La Puente, CA 91745



မြန်မာခရစ်ယန်မိတ်သဟာယအသင်းတော်၏ ချီးမွမ်းဝတ်ပြုကိုးကွယ်ရာဗိမာန်တော်ပုံ၊

မြန်မာခရစ်ယာန်မိသဟာယ အသင်းတော်သို့ ယုံကြည်သူ လူမျိုးမရွေး၊ ခရစ်ယာန်ဂိုဏ်းဂဏ မရွေး၊ လာရောက်၍ ဝတ်ပြုကိုးကွယ်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။ .. ရှေ့လာမည့် အသင်းတော်၏ အစီအစဉ်များကိုလည်း အသိပေး ကြေငြာပါမည်။ ။




***BCF Children Day***
***October 18, 2015***
***2:00 pm***
***At BCF Church***
***1337 Farmstead Ave.***
***La Puente, CA 91745***

## B.C.F. 2015, October Events

**10/ 04/ 2015 …**
**The Very First Worship Service & Holy Communion**

**10/ 11/ 2015 …**
**Regular Service & B.C.F. Official Board Meeting**

**10/ 18/ 2015 …**
**BCF Children Day**

**10/ 25/ 2015 …**
**Pastor Appreciation Sunday Service**

***Every Sunday Service … 2:00 PM***

***Children Sunday School and Youth program … 2:12 PM***

***Worship Place…***
***1337 Farmstead Ave. La Puente, CA 91745***



# ကမ္ဘာလုံးဆိုင်ရာ ပွဲတော်မင်္ဂလာ

ပျို့ရွယ်စဉ်ချိန်ခါကတည်းကပင် ရင်းနှီးဝင်စားခဲ့ရပါသော ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့။

နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ၏ ပထမ တနင်္ဂနွေနေ့သည် ကမ္ဘာလုံးဆိုင်ရာ ပွဲတော်မင်္ဂလာနေ့ ဖြစ်သည်ကို အရိုးထဲထိစွဲအောင် မှတ်မိနေပါသည်။

၂၀၁၅ခုနှစ်တွင် အောက်တိုဘာလ ၄ရက်နေ့သည် ကမ္ဘာလုံးဆိုင်ရာ ပွဲတော်မင်္ဂလာ တနင်္ဂနွေနေ့ဖြစ်ပါသည်။

ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့သည် လစဉ်ပြုလုပ်သော ပွဲတော်မင်္ဂလာနှင့်မတူ တမူထူးခြားသည် ဆိုလျှင်လည်း မမှားနိုင်ပါ။ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက် အရ၊ ကမ္ဘာ့ စံတော်ချိန် နံနက် ၁၁း၀၀ နာရီအချိန်ကို သတ်မှတ်ထားပါ သောကြောင့်၊ အောက်တိုဘာလ၊ ၄ရက်၊ တနင်္ဂနွေနေ့တွင်၊ ကမ္ဘာတဝှမ်းလုံး ကွင်းဆက်မပြတ်၊ သတ်မှတ်သည့် အချိန်နာရီ၌၊ ခမည်းတော် အဘဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်း၊ မေတ္တာတော် နှင့် ဘုန်းတန်ခိုးအာနုတော်၊ သခင်ယေရှု၏ နာခံခြင်းနှင့် ပြုတော်မူသောကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်ကာ၊ ပွဲတော်မင်္ဂလာ ခံယူသော နေ့မြတ်ဖြစ်ပါသည်။

ဤနေ့ရက်သည်၊—

ကမ္ဘာ့အရှေ့ဖျားမှစ၍ အနောက်စွန်းအထိ၊<br>
အာရုဏ်ဦးအချိန်မှစ၍ နေဝင်ပြီးညဥ့်နက်သည် တိုင်အောင်၊<br>
အသင်းတော် တစ်ပါးချင်းမှသည် လူထုအစည်းအဝေးသို့၊<br>
သိမ်ငယ်လှသောတဲပုတ်ငယ်မှ ခမ်းနားထယ်ဝါသောကသီတြီရယ်အဆုံး၊<br>
လူကြီး၊ လူအို၊ လူရွယ်၊ လူလတ်၊ လူငယ်နှင့် ကလေးပါမကျန်၊ ဗတ္တိဇံခံပြီး သူတိုင်း၊<br>
အသားအရောင်မရွေး၊ ဘာသာစကားမရွေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံမရွေး၊<br>
ဂိုဏ်းဂဏမခွဲ၊ လူမျိုးပေါင်းစုံ၊ယုံကြည်သူတိုင်းနှင့်ခရစ်ယာန်ဘာသာဝင်အများ၊<br>
ပါဝင်နိုင်သည့် "ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့" ဖြစ်သည်။

ကမ္ဘာ့စက်ဝိုင်းပေါ် ရှိအရှေ့၊အနောက်၊တောင်၊မြောက် နေရာအနှံ့အပြားမှ၊ တိုင်းနိုင်ငံပေါင်း၂၂၀ ကျော် ယုံကြည်သူခရစ်ယာန်အများသည် ထိုတနေ့ထဲတွင် မိမိတို့ရှိသည့်နေရာမှာ သခင်ခရစ်တော်ပြုတော်မူခဲ့သည့်အတိုင်း၊ "ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကို ဖဲ့၍၊ **"ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏။"** ယူ၍ စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကို လည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အားပေးတော်မူ၍၊ သင်တို့ရှိသမျှသည် သောက်ကြလော့။ **"ဤခွက်ကား ပဋိညာဉ် တရားသစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏အသွေး ဖြစ်၏။ ငါ့ကို အောက်မေ့ဘို့ရာ ဤသို့ပြုကြလော့"** ဟုမိန့်တော် မူသည့်အတိုင်း၊ ယုံကြည်လျက် နာခံလိုက်လျှောက်ခြင်းကိုပြုပါသည်။

တမန်တော်ကြီးရှင်ပေါလုသည်လည်း(၁ကော၊၁၀း၁၅–၁၇)တွင်၊–ကောရိန္သုအသင်းတော်၌၊ "ငါတို့သည် ကျေးဇူးတော်ချီးမွမ်းရာ မင်္ဂလာခွက်ဖလားမူကား၊ ခရစ်တော်၏ အသွေးကို ဆက်ဆံခြင်းဖြစ်သည်မဟုတ်လော။ ငါတို့ဖဲ့သော မုန့်မူကား၊ ခရစ်တော်၏ကိုယ်ကို ဆက်ဆံခြင်း ဖြစ်သည် မဟုတ်လော။မုန့်တလုံးတည်းရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည်တလုံးတည်းဖြစ်သောထိုမုန့်ကိုဆက်ဆံလျက်ခံယူကြသောကြောင့်၊ အများဖြစ်သော ငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏"ဟုသွန်သင်ခဲ့၏။

ထိုသို့တလုံးတဝ၊တကိုယ်တည်းဖြစ်ဘို့ရန်အတွက်၊သခင်ခရစ်တော်သည် အဘခမည်းတော်ထံ၌ဤသို့ဆက်ကပ်အပ်နှံခါ၊ "ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့ သည် ယုံကြမည်အကြောင်း၊ ထိုသူအပေါင်းတို့သည်တလုံးတဝ တည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိ သကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်းဖြစ်စေခြင်းငှါ" ဆုတောင်းခဲ့၏။(ယော၊၁၇း၂၁)

သခင်ခရစ်တော်တောင်းခံခဲ့သောဆုပဌနာသည်ခမည်းတော်၏ဘုန်းတန်ခိုးတော်အားဖြင့်ပြီးပြည့်စုံကြောင်းကို ဤကမ္ဘာလုံးဆိုင်ရာ "ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့" အားဖြင့်ဖေါ်ပြနေပါသည်။

ပွဲတော်မင်္ဂလာ၏ နောက်ကွယ်တွင်၊ သခင်ခရစ်တော်၏ ဝေဒနာလမ်းနှင့် ကားတိုင်ပေါ်မှာ သင်နှင့်ကျွန်ုပ်တို့ အတွက် အသက်တော် စွန့်၍၊ အပြစ်လွှတ်သည့် ကယ်တင်ခြင်း တစ်ခုတည်း အတွက် သာမဟုတ်၊ သခင်ခရစ်တော်၏ လူ့ဇာတိခံကာ မွေးဖွားသည်မှစ၍၊ ရှင်ပြန်ထမြောက်ပြီး၊ ကောင်းကင်ဘုံနန်းတွင် စံမြန်းသည့် အရာအားလုံးကို အောက်မေ့ဘို့ရာ ဖြစ်ပါသည်။

"ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့"တွင်၊ ကွင်းဆက်မပြတ် မခြားမလတ် တလုံးတဝတည်းပြုလုပ်ကြသော မုန့်နှင့်စပျစ်ရည် ဝေငှ၍၊ အတူတကွစားသောက်ခြင်း၊ တရားဒေသနာကြားနာခြင်း၊ ဆုတောင်းပဌနာပြုခြင်း၊ ဓမ္မသီချင်းကျူးခြေင်း၊ အလှူတော်ငွေထဲ့ဝင်ခြင်း ... စသည်တို့သည် ဘုရားသခင်၏ ပလ္လင် တော် လက်ျာဘက်၌ ထိုင်နေတော်မူသော သခင်ယေရှုခရစ်တော်၏ တလုံးတဝတည်းသော ဆန္ဒပင် မဟုတ်ပါလား။

သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက် မတန်ဘဲ စားသောက်သော သူသည်<br>
သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့်၊<br>
သခင်ဘုရား၏ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာ ရောက်၏။

ထိုကြောင့် ပွဲတော်မင်္ဂလာ အစည်းအဝေးသို့ မဝင်မီ မိမိကိုယ်ကို စစ်ကြောသန့်ရှင်း စေပါ။

ကမ္ဘာလုံးဆိုင်ရာ ခရစ်တော်၏ပွဲတော်ကို ဝင်စားရသောအခွင့်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါ၏။

အမှုတော်မြတ်၌၊–ရီရီအေး

# မိမိကိုယ် မိမိရှုမြင် စစ်ကြောခြင်း



လူတိုင်း ကိုယ့်ကိုယ်ကိုယ် စစ်ကြောပြီးမှ မုန့်ကိုစားစေ။
ထိုနည်းတူ ခွက်ကိုလည်း သောက်စေ။ ၁ကော၊ ၁၁း၂၈

မှန်(သို့) မျက်နှာပြင်ကို ပြောင်လက်အောင် တိုက်ချွတ်ထားသည့် အရာဝတ္ထုများ မပေါ်မီ ရှေးကာလက လူတို့မှာ မိမိကိုယ်ကိုမိမိ မမြင်ရပါ။ ရေအိုင်၊ စမ်းချောင်း၊ မြစ်များ၌သာ အရိပ်ကို မြင်ရသည်။

သို့သော်၊ ...
ကြည့်မှန်များက ထိုအခြေအနေကို ပြောင်းလဲတိုးတက်စေခဲ့သည်။
တဖန်၊ ...
ကင်မရာကို တီထွင်လျက် ကျွန်မတို့၏ပုံရိပ်ကို ထုတ်ဖော်လျက် ဘဝကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။
ယခုတွင်၊ ...
ကျွန်မတို့၏ ဘဝတစ်ခုလုံးတွင် မည်သည့်အချိန်၌မဆို တာရှည်ခံသော ပုံရိပ်များကို ရရှိနိုင်ပါပြီ။

ဓါတ်ပုံစာအုပ်များထားရှိပြီး မိသားစု၏သမိုင်းကို ပြုစုခြင်းက ကောင်းလှသော်လည်း ဝိညာဉ်ရေးရာ ကောင်းမွန် ကျမ်းမာရေးကို ထိခိုက်နစ်နာစေနိုင်ပါသည်။ ကင်မရာမှ ပုံရိပ်များကိုကြည့်ပြီး ပျော်ရွှင်ရသော်လည်း ၎င်းသည် အပြင်ပန်း သဏ္ဍာန်ကိုသာ အာရုံစိုက် မိစေပြီး အတွင်းသဏ္ဍာန် ကိုဖြင့် စိတ်မဝင်စားအောင် ဟန့်တားပါသည်။ ကျန်းမာသော ဝိညာဉ်ရေး အသက်တာ ရရှိအောင်၊ မိမိကိုယ်ကို စစ်ကြောစစ်ဆေးရန် အရေးကြီးသည်။ ကျွန်မတို့ ကိုယ့်ကိုယ်ကို သိမြင်လာရန် ဘုရားသခင် အလိုရှိသည်။

သို့မှသာ ဒုစရိုက်ကို ရွေးချယ်ခြင်းကြောင့် ခံစားရမည့် အကျိုးဆက်မှ လွတ်မြောက်ခွင့် ရလိမ့်မည်။ ၎င်းသည် အလွန် အရေးကြီးပါသည်။ နှုတ်ကပတ်ကျမ်းစာမှ မိမိကိုယ်ကို မစစ်ကြောဘဲ သခင်ဘုရား၏ ပွဲတော်မင်္ဂလာကို မခံယူရန် မိန့်ကြားထားသည် (၁ ကော ၁၁း၂၈)

မိမိကိုယ်ကို စစ်ကြောခြင်းသည် ဘုရားသခင်နှင့်ကျွန်မတို့ မှန်ကန်မှုရှိရန်အတွက် သာမက၊ အချင်းချင်းနှင့်လည်း မှန်ကန်မှု ရှိမရှိ သေချာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။

ပွဲတော်မင်္ဂလာသည် ခရစ်တော်၏ခန္ဓာကို အောက်မေ့သတိရလျက် ပြုသောဝတ်ဖြစ်သည်။ အခြားယုံကြည်သူချင်းတို့နှင့် သင့်မြတ်သင့်တင့်စွာ မနေလျှင် ထိုဝတ်ကို ကျွန်မတို့ မှန်ကန်စွာပြုခြင်း မမည်ပါ။

မိမိအပြစ်ကိုသိမြင်ပြီး၊ ဝန်ခံခြင်းသည် အခြားသူတို့နှင့်စည်းလုံးညီညွတ်မှုကို လည်းကောင်း၊ ဘုရားသခင်နှင့် ကောင်းမွန်သောဆက်ဆံရေးကို လည်းကောင်း တိုးပွား စေပါသည်။

မိမိ၏ ရုပ်သွင်ပြင်ထက် စိတ်နှလုံးမှ ထင်ဟပ်သော ပုံရိပ်ကို ပို၍ အလေးထားစေရန် သတိပေးသော သခင်ဘုရားကို ကျေးဇူးတင်ပါ၏။ မိမိအပြစ် နှင့် အမှားကို နောင်တရရှိရန် မစတော်မူပါ။ ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် အကျွန်ုပ်တို့ကို ပြုပြင်ပြောင်းလဲ ပေးတော်မူပါ။

ဘုရားသခင်၏ နှုတ်ကပတ်တော်မှန်ဖြင့် ကြည့်လျှင် မိမိကိုယ်ကို ပို၍ ရှင်းလင်းစွာ မြင်နိုင်ရပါမည့်အကြောင်း ဝိညာဉ် မျက်စိနှင့်နားကို ဖွင့်ပေးတော်မူပါ။ အာမင်း။

~~~~~~~~~~~~~~~~ နေ့စဉ်ခွန်အား ~~~~~~~~~~~~~~~~


~~~~~~~~~~~~~~~~

# ချီးမွမ်းကျူး
# All Hail the Power of Jesus' Name

ဤဓမ္မသီချင်း စာသားကို ရေးသားသူ Edward Perronet ၏ဖခင်သည် အမှုတော် ဆောင်ဆရာ တပါးဖြစ်သူ Vincent Perronet ဖြစ်၍ ၁၇၂၆ ခုနှစ် အင်္ဂလန်နိုင်ငံတွင် မွေးဘွားသည်။ Methodist အသင်းတော် တည်ထောင်သူ John Wesley နှင့် သူ့အစ်ကို Charles Wesley တို့နှင့်အတူ ၁၈ရာစုနှစ် အင်္ဂလန်နိုင်ငံ၏ ပြန်လည်နိုးကြားခြင်း Revival ၌ အမှုတော်မြတ်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ တရားကို ကောင်းမွန်စွာ ဟောပြောနိုင်သူအဖြစ် အသိမှတ်ပြုခံရသောသူဖြစ်သော်လည်း John Wesley ရှေ့၌ တရားပြောရန် အလွန်ဝန်လေးသူဖြစ်သည်။ အကြိမ်ကြိမ် တိုက်တွန်းသော်လည်းမရ။ လက်မြှောက် အရှုံးမပေးတတ်သော John Wesley သည် တခါက ဝတ်ပြုအစည်း အဝေး တခု၌ ဘာမပြော ညာမပြောဘဲ နိတမေ် တရားဟောမည်ဟု ရုတ်တရက် ကြေညာလိုက်သည်။ ပြာရာခတ်သွားခြင်းမရှိဘဲ မြွေကဲ့သို့ လိမ္မာပါးနပ်သော Edward သည် အကြီးမားဆုံးသော တရားဒေသနာတော် ကိုဟောကြားမည် ဟုပြောကာ၊ သခင်ခရစ်တော်ဟောကြားသော တောင်ပေါ် တရားဒေသနာတော် မင်္ဂလာရှစ်ပါး Sermon of the Mount ကို ဖတ်ပြလိုက်သည်ဟု မှတ်တမ်းများအရ တွေ့ရသည်။ သူ့ဘဝသက်တမ်း၌ ခရစ်ယာန် ကဗျာများ ပါသော စာအုပ်အတွဲ သုံးတွဲ ရေသားခဲ့သည်။ ခရစ်ယာန် ဘာသာ ယုံကြည်သော လူမျိုးတိုင်း၏ ဘာသာစကားသို့ ဘာသာပြန်ဆို ထားနိုင်ပြီးဖြစ်သော ဓမ္မတေး သီချင်း တပုဒ်ဖြစ်သည်။ တခါတရံ ဤဓမ္မသီချင်းကို ခရစ်ယာန်များ၏ နိုင်ငံတော်သီချင်း National Anthem of Christendom ဟုလည်းတင်စား၍ ခေါ်ဝေါ်ကြသည်။ အသိအမှတ် ပြုကြသည်။

ဤဓမ္မသီချင်း၏ သီချင်းစာသားကို တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း ဟုဆိုနိုင် လောက်အောင် တေးဂီတမျိုးမကဖြင့် သီဆိုနိုင်သည်။ Oliver Holden ရေးသားသီကုံးသောတေးဂီတကို မြန်မာသီချင်းစာအုပ်(နံပါတ် ၁၁၀) ၌ အသုံးပြုထားပါသည်။ သူသည် လက်သမားဖြစ်သလို အိမ်အရောင်းအဝယ် လုပ်သည့်ပွဲစားလည်းဖြစ်သည်။ ဥပဒေပြုအာဏာ ပိုင်အဖွဲ့အစည်း၌ ဥပဒေပြုသူ အဖြစ်လည်း လုပ်ဆောင်ခဲ့သည်။ ထို့အပြင် အမှုတော်ဆောင် ဆရာတပါးဖြစ်ပြီး တေးဂီတသင်တန်းကျောင်း အမြောက်အမြားကိုလည်း ဖွဲ့စည်းတည်ထောင် ပေးခဲ့သူတဦးလည်း ဖြစ်သည်။

ဦးထုပ် ပြုလုပ်ထုတ်ဝေသူ ဖြစ်သည့် James Ellor က ဤသီချင်းစာသားကို နောက်တမျိုးဖြင့်ဆိုသောတေးဂီတ ကိုရေးသားခဲ့သည်။ မှတ်တမ်းများအရ သူသည် အသက် ၁၈ နှစ်ကတည်းက အသင်းတော်တပါး၏ သံစုံအဖွဲ့ကို ဦးဆောင်သူတဦး ဖြစ်သည်။ နောက် တယောက်မှာ သံစုံသီချင်းသီဆိုသူလည်းဖြစ်၊ အော်ဂင်တီးသူလည်းဖြစ်သော William Shrubsole က နောက်တမျိုး နောက်တဖုံ သီဆိုပြနိုင်ခဲ့သည်။

လူစိမ်းများကို ရိုင်းရိုင်းစိုင်းစိုင်း ရက်ရက်စက်စက် ကြမ်းကြမ်းကြုတ်ကြုတ် သတ်ဖြတ်သော လူရိုင်းရွာတရွာသို့ သခင်ခရစ်တော်၏အလင်းတရားကို ဆရာတပါးက ရဲရဲ ဝန့်ဝန့် မကြောက်မရွံ့ဘဲ ဤဓမ္မသီချင်းသီဆိုခြင်းဖြင့် အသက်စွန့်ကာ ဖြန့်ဝေပေးခဲ့ သော ဖြစ်ရပ်တရပ် ကို တင်ပြလိုပါသည်။

၁၉ ရာစုနှစ်အတွင်း ဥဒေသူငယ် သယောတ ထိုးကျွမ်းကျင်သူ ဆရာ Rev. E. P. Scott သည် သာသနာပြုရန် ရှိသမျှကိုစွန့်၍ ကိုယ့်ကားတိုင်ကို ထမ်းပြီး အိန္ဒိယပြည်သို့ သွားရောက်နေထိုင်ရင်း တချက်ခုတ်၊ နှစ်ချက်ပြတ် ဤနိုင်ငံ၏ ဒေသခံ ဘာသာစကားများ နှင့် ယဉ်ကျေးမှုများကို လေ့လာသည်။ ဒေသခံ ဘာသာစကားဖြင့် ဓမ္မသီချင်းကို ကောင်းကောင်းမွန်မွန် ပီပီသသ ချိုချို သာသာ ဆိုတတ်သည်အထိ မလျှော့သော ဇွဲ၊ မနည်းသောလုံ့လ၊ မနိမ့်သော ဝီရိယဖြင့် ဘုရားသခင်၏နိုင်ငံတော် ကျယ်ပြန့်စေရန် အနိုင်မခံ၊ အရှုံးမပေးဘဲ၊ သင်ယူလေ့လာသည်။ ကြိုးစား၍ လေ့ကျင့်သည်။ တနေ့တွင် တမူထူးခြားစွာ တောင်ပေါ်သား ရိုးရာယဉ်ကျေးမှု အဝတ်အစားကို ဝတ်ထားသည့် တောင်ပေါ်သား လူရိုင်း တယောက်ကို တွေ့လိုက်သည်။ အဘယ်ကြောင့် မှန်းမသိ သူဆုတောင်းသောအခါတိုင်း ဤတမူထူးခြားစွာ ဝတ်စားထားသည့် လူရိုင်းကို သတိရသည်။ သူ့အာရုံမြင်ကွင်း၌ ဤလူရိုင်းပုံ ပေါ်လာသည်။ ရရှိသော ဤရူပါရုံနှင့် သန့်ရှင်းသောဝိဉာဉ်တော်၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ဤလူရိုင်းမျိုး နေထိုင်သောတောင်ပေါ် သို့သွား၍ သာသနာပြုရန် ဆုံးဖြတ်လိုက်သည်။

သူငယ်ချင်းများ၊ အသိမိတ်ဆွေများ၊ လုပ်ဖော် ဆောင်ဖက် သာသနာပြုများ လုံးဝ သဘော မတူပါ။ အကြောင်းမှာ ဤလူမျိုးစုသည် အလွန်ရိုင်းသော လူမျိုးစုဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သောလူမျိုးစု ဖြစ်သည်။ လူစိမ်းများကိုသတ်ဖြတ်သောလူမျိုးစုဖြစ်သည်။ မည်သို့ပြောပြော ကျွဲပါး စောင်းတီးသကဲ့သို့သာဖြစ်သည်။ ဆရာ Scott ကလုံးဝလက်မခံ။ ခရီးထွက်ရန် ပြင်ဆင်ပြီးသော အခါ ခရီးထွက်တိုင်း ကိုယ်နှင့်မခွာသောတယောကို ယူ၍ ဤလူရိုင်း လူမျိုးစုရှိရာသို့ ခရီးထွက်သည်။ ရက်အနည်းငယ် ကြာသွားသောအခါ လူရိုင်းများ နေထိုင်ရာ ရွာနားသို့ ရောက်သွားသည်။ လာလာချင်း၊ ဆောက်နှင့် ထွင်း ဟုဆိုသလို လူရိုင်းစစ်သည် များသည် သူ့ကိုသတ်ဖြတ်ရန် ဝိုင်းလာသည်။ သူ့နှလုံးကို ထိုးဖောက်ရန် လှံတံဖြင့် ချိန်လျက်သားဖြစ်နေသည်။ ထွက်ပြေးလွတ် မြောက်ရန် မဖြစ်နိုင်။ ပေါက်သည့် နဖူး၊ မထူးတော့မည့် အတူတူ၊ ဆရာ Scott သည် အသတ်မခံရမီ ရှိသမျှ သောအချိန်လေးအားဖြင့် ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းထောမနာပြု ကျေးဇူးတော်ကို ချီးမွမ်းလိုသည်။ ဤလူရိုင်းတို့၏နှလုံးသားကို အနည်း နှင့် အများ ဘုရားသခင်၏နာမတော် အားဖြင့် တို့ထိလိုသည်။ လှံတံများဖြင့် အထိုးခံရပြီး အလွန်နာကျင်စွာ ခံစားရမည်၊ သေရမည်၊ ကိုမျှော်လင့်ထားလျက် ဘုရားသခင်လက်တော်ထဲ လုံးဝပုံအပ်ထားကာ ဆရာ့ ခဿအအ သည် ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ဂဏာမငြိမ်၊ တုန်လှုပ်ခြောက်ခြားခြင်းမရှိ။ မျက်စိကိုမှိတ်၍ ပကတိ အေးဆေးတည်ငြိမ်စွာဖြင့် သာယာငြိမ့်ညောင်းစွာ ထိုးသော သူ့သယောသံ နှင့် ဤ ချီးမွမ်းကျူး ဖြစ်သည့် All Hail the Power of Jesus' Name ကို ဒေသခံဘာသာစကား ဖြင့် စားသားတလုံးချင်းစီ ပီသ မှန်ကန်အောင် နှလုံးသားထဲမှ သခင်ခရစ်တော်၏နာမတော်ကို ဦးထိပ်တင်ကာ ပထမအပိုဒ်ကို

စတင် သီဆိုသည်။ ဒုတိယ နှင့် တတိယအပိုဒ် ဆိုပြီးသည့်တိုင်အောင် သူ့မှာထိခိုက် နာကျင်ခြင်းမရှိ။ ဘာမှဖြစ်မလာ။ စတုတ္ထအပိုဒ် စဆိုသောအခါ ဆရာတော် Scott သတိထားမိသည်မှာ ပတ်ဝန်းကျင် တခုလုံး အပ်ကျသံမှ မကြားနိုင်သည် ဟုပြောနိုင် လောက်အောင် တိတ်ဆိတ် သွားသည်။ မျက်စိကို ဖွင့်ကြည့်လိုက်သော အခါ အလွန် အံ့သြသော မြင်ကွင်းတခုကို တွေ့ရသည်။ သူ့နှလုံးကို ထိုးရန် ချိန်ထား သောလှံတံများသည် မချိန်တော့ဘဲ၊ အောက်သို့ငိုက်စိုက်နေသည်ကို တွေ့ရသည်။ ဤလူရိုင်းတို့၏မျက်စိထဲတွင် မျက်ရည်ဝဲ နေသည်ကို တွေ့ရသည်။ သန့်ရှင်းသော ဝိဉာဉ်တော်အားဖြင့် သူဆိုလိုက်သော ဤဓမ္မသီချင်း၏စာသား နှင့် တေးဂီတသံသည် လူရိုင်းတို့၏သံမဏိကဲ့သို့ မာကြောနေသော စိတ်ကို မီးတွေ့သော ဖယောင်းတုံးကဲ့သို့ ပျော့ပြောင်းသွားစေသည် သာမက အရေပျော်သွား စေသည်။ လူရိုင်းတို့၏ ခက်ထန်နေသောစိတ်ကို ငြိမ်းအေး သွားစေသည်။ လူရိုင်းတို့၏ လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်သွားစေသည်။ သူတို့၏စိတ်ကို တို့ထိ သွားစေသည်။ ရန်လိုခြင်းမှသည် မိတ်ဖွဲ့ခြင်း အဖြစ်သို့ ပြောင်းလဲသွား စေသည်။ ရန်ရှာခြင်းမှသည် လက်ခံခြင်း အဖြစ်သို့ ပြောင်းလဲသွားစေသည်။ မုန်းတီးသတ်ဖြတ် လိုစိတ်မှသည် ချစ်ခင် ညှော်ခံလိုစိတ် အဖြစ်သို့ ပြောင်းလဲ သွားစေသည်။

ဆရာ Scott သည် ဤလူရိုင်းရွာ၌ ဆက်လက် နေထိုင်ပြီး သာသနာပြုသည်။ ဘုရားသခင်၏မေတ္တာတော် နှင့် ခရစ်တော်၏အလင်း တရားကို ဝေငှသည်။ ဟောပြောသည်။ သေရေးရှင်ရေးအချိန်ကာလ၊ အန္တရာယ်နှင့်ထိတ်တိုက် ရင်ဆိုင် ကြုံတွေ့ရသောအချိန် ကာလ၊ စိုးရိမ်ကြောင့်ကျသော သောကမီး ပူလောင်သော အချိန်ကာလ၊ အကျပ်အတည်း နှင့် ရင်ဆိုင် ရသော အချိန်ကာလ၊ လောက မုန်တိုင်း ဒါဏ်ကို အလူးအလိမ့် ခံရသောအချိန်ကာလတို့တွင် ဆရာ Scott ကဲ့သို့ သခင် ခရစ်တော်၏ နာမတော်ကို အထွဋ်အထိပ် ထား၍ ကျေးဇူးတော် ကို ချီးမွမ်းကြည့်မည် ဆိုလျှင် ဆရာ Scott ကဲ့သို့ ဤအမှောင်မိုက်ဆုံးအချိန်တို့ကို ရဲရင့်စွာ တည်ညိမ် ငြိမ်သက်လျက် အောင်မြင်စွာ ရင်ဆိုင် ကျော်လွှန် သွားနိုင်မည် ဖြစ်ပါကြောင်း ညီအစ်ကို မောင်နှမတို့အား ဝေငှပေးလိုပါသည်။ အာမင်။

~John Ma~






**BCF Children Day**

**October 18, 2015**

**2:00 pm**

**At BCF Church**

**1337 Farmstead Ave.**

**La Puente, CA 91745**